# Highlights from DVB Debate's Books and its Future Show

## January 28, 2017

## "Do books have any future?"

"စာအုပ်တအုပ်ဖြစ်လာဖို့ဆိုတာ စာအုပ်ဈေးကွက်မှာလည်း နေရာရဖို့က လိုသေးတာကိုး စာအုပ်ဈေးကွက်က ပျက်တယ် ဘာကြောင့်လဲဆို ထိထိရောက်ရောက် မဖြန့်နိုင်ဘူး အမှန်ဆို ရွာတွေ ကျေးလက်တွေကိုလည်း စာအုပ်တွေ ရောက်ဖို့က မဖြစ်မနေလိုပါတယ်"

စမ်းစမ်းနွဲ့(သာယာဝတီ) - စာရေးဆရာ

---

"၂၀၁၂ ကတည်းက စာပေစိစစ်ရေးမရှိတော့ဘူးဗျာ အခု ၂၀၁၇ ရောက်နေပြီ ဆန်းသစ်တဲ့ဖန်တီးမှုမျိုး စာအုပ်ထုတ်ဝေမှုမျိုးတွေ ဘာမှ ထွက်လာတာ မရှိသေးဘူး"

မြေမှုန်လွင် - စာရေးဆရာ

---

"စာအုပ်အငှားဆိုင်တွေပျောက်သွားတဲ့အတွက် တချို့ စာပေလိုင်းလေးတွေ ပျောက်သွားတယ်။ စာအုပ်တအုပ် ရောင်းထွက်အောင် ဆွဲဆောင်မှုရှိအောင်လုပ်ရမှာက စာရေးဆရာမှာလည်း ပထမဦးဆုံး တာဝန်ရှိတယ်"

ဦးမြင့်ထွန်း - မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့်ဖြန့်ချိသူများအသင်း အတွင်းရေးမှူး

---

"စာဖတ်သူတွေက လိုက်မီတဲ့ခေတ်ကိုပဲ စိတ်ဝင်စားတာကိုး စာပေအနုပညာဆိုတာ ယဉ်ကျေးမှုပဲလေ မယဉ်ကျေးတဲ့ စာအုပ်တွေလည်း ရောင်းနေရတာပဲ အရောင်းရဆုံးစာအုပ်စာရင်းဝင်ကြတာပဲ။ ဒါကလည်းပဲ တဦးချင်းစီရဲ့ ရွေးချယ်မှုဖြစ်နေတယ်"

စမ်းစမ်းနွဲ့(သာယာဝတီ) - စာရေးဆရာ

---

"စာဖတ်ပရိသတ်တွေအတွက် ဖတ်ညွှန်းမျိုး လိုအပ်နေဆဲပါပဲ။ ဝေဖန်ရေးစာပေတွေ မရှိရင်လည်း စာဖတ်ပရိသတ်က ဘာဖတ်ရမယ်မသိဖြစ်နေမှာပဲ"

ဦးစန်းဦး - စိတ်ကူးချိုချိုစာအုပ်ထုတ်ဝေရေး

---

"မူလတန်းကျောင်းတွေမှာကလည်း ကလေးတွေဖတ်ဖို့ စာအုပ်ဝယ်ဖို့ ပိုက်ဆံကောက်တာ မရှိဘူး. တခြားအရာတွေဝယ်ဖို့ကျ ပိုက်ဆံကောက်ကြတယ်"

ဦးလှိုင်တင့် - ပညာရေးဝန်ထမ်းတဦး

---

"ပိုလ်ချုပ်အကြောင်း ပြောပြီးရင် ဦးနုအကြောင်းလည်း ပြောပါ။ ကျနော် စက်ဘီးတစီးနဲ့ စာကြည့်တိုက်တွေ ပတ်ပြီးသွားနေတာ ဒီစာအုပ်တွေ ဒီအကြောင်းအရာတွေပဲဖြစ်နေတာတွေ့ရတယ် စာအုပ်တွေက အသစ်မရှိဘူး။ ကျနော်တို့ ကျောက်ပန်းတောင်းမှာဆို စာအုပ်တိုက်လုံးဝမရှိဘူး ဘယ်လောက် ရင်နာဖို့ ကောင်းလဲ"

မန္တလေးစာကြည့်တိုက် ဇော်ဇော်

---

"နိုင်ငံခြားက ခေတ်ပြိုင်စာရေးဆရာတွေကို copyright ယူထားပြီး ဘာသာပြန်စာအုပ်တွေ ကျနော်ထုတ်တယ်. ကျနော် အရှုံးအမြတ် မကြည့်ဘဲ ထုတ်တယ် ဒါပေမယ့် စာဖတ်ပရိသတ်က ကျနော့်တိုက်က စာအုပ်ကို စိတ်ချယုံကြည်ပြီးဖတ်တယ်ဗျ ကျနော်မရှုံးဘူး"

မြေမှုန်လွင် - စာရေးဆရာ

---